## စတုတ္ထအကြိမ် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် ပဉ္စမအကြိမ် (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) မြန်မာနိုင်ငံ EITI အစီရင်ခံစာများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာချက်

ရန်ကုန်မြို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၈) ရက်

### ၁။ လွှမ်းခြုံမှုနယ်ပယ်

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် EITI စံနှုန်းနှင့်အညီ EITI အစီရင်ခံစာများအား နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထုတ်ပြန်ရာတွင် လွတ်လပ်သော အစီရင်ခံစာပြုစုသည့်အဖွဲ့များ (Independent Administrators) ငှားရမ်းကာ သယံဇာတကဏ္ဍနှင့် ဆက်နွယ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် သယံဇာတကဏ္ဍကုမ္ပဏီများ၏ စာရင်းကိန်းဂဏန်းအချက်အလက်များကို တိုက်ဆိုင်ညှိနှိုင်းလေ့ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အထိ **ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက် ကျောက်စိမ်း၊ သတ္တုနှင့် ပုလဲကဏ္ဍတို့ လွှမ်းခြုံပါဝင်သည့်** အစီရင်ခံစာ (၅) စောင်အား ပြုစုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယင်းအစီရင်ခံစာများတွင် အစိုးရဌာနများမှ လက်ခံရရှိသော (သို့မဟုတ်) အစီရင်ခံတင်ပြထားသော အခွန်ဘဏ္ဍာငွေများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ အစိုးရသို့ လွှဲပြောင်းပေးသော ပေးချေမှုများ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သတ်မှတ်ထားသော လုပ်ငန်းနယ်ပယ် အတိုင်းအတာအတွင်း ပါဝင်သည့် ကုမ္ပဏီများက ပေးချေသော (သို့မဟုတ်) အစီရင်ခံတင်ပြထားသော အခွန်ပေးချေမှုများ၊ အခွန်မဟုတ်သော ပေးချေမှုများ၊ ကုန်ပစ္စည်း (In-kind) အလိုက် ပေးချေမှုများ စသည့် စာရင်းအချက်အလက်များ ပါဝင်ပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှစ်အလိုက် ပါဝင်သည့်ကုမ္ပဏီများမှ သုံးစွဲခဲ့သည့် လူမှုရေးဆိုင်ရာ အသုံးစရိတ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုဖွံ့ဖြိုးရေးရံပုံငွေထည့်ဝင်မှုများ၊ ကုမ္ပဏီဝန်ထမ်းများ၏ ဝင်ငွေခွန်များ၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ထုတ်လုပ်မှုရှယ်ယာများ၊ ရောင်းချမှုအခွန်ဘဏ္ဍာငွေများ စသည့် ကိန်းဂဏန်း အချက်အလက်များကိုလည်း ဖော်ပြထားပါသည်။

အစီရင်ခံစာများပြုစုရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ စီမံရေးဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တု ရှာဖွေရေး ဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာဇဟိုပြပွဲကော်မတီ၊ မြန်မာ့

ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း နှင့် သစ်တောဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

## ၂။ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံEITI အစီရင်ခံစာမှ အဓိကတွေ့ရှိချက်များ

(က) စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ အပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီ (၄၅) ခု၊ သတ္တုကုမ္ပဏီ (၃၁) ခု၊ ပုလဲကုမ္ပဏီ (၁၁) ခုနှင့် ကျောက်မျက်ကျောက်စိမ်းကုမ္ပဏီ (၈၄) ခုတို့ပါဝင်ပြီး သယံဇာတကဏ္ဍ တစ်ခုလုံး၏ ၉၄% ကို လွှမ်းခြုံနိုင်ကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ လမ်းညွှန်မှုအောက်တွင် လွတ်လပ်သော အစီရင်ခံစာပြုစုသည့်အဖွဲ့အဖြစ် PricewaterhouseCoopers (PwC) Myanmar က ယင်းအစီရင်ခံစာအား ရေးသားပြုစုခဲ့ပါသည်။

(ခ) စတုတ္ထအကြိမ် မြန်မာနိုင်ငံEITI အစီရင်ခံစာသည် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အချက်အလက်များနှင့် ပုလဲကုမ္ပဏီများ၏ အချက်အလက်များအား ပထမဆုံးအကြိမ် ပါဝင်စာရင်း တိုက်ဆိုင်ညှိနှိုင်းထားသည့် အစီရင်ခံစာ ဖြစ်ပါသည်။

(ဂ) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တွင်းထွက်ကဏ္ဍတွင် သယံဇာတကုမ္ပဏီ များမှ ကောက်ခံ ရရှိသည့် စုစုပေါင်းဘဏ္ဍာငွေမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၂,၃၀၂,၇၇၆ ဖြစ်ပါသည်။ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကဏ္ဍမှ ၇၉ %၊ ကျောက်မျက် ကျောက်စိမ်းကဏ္ဍမှ ၁၆%၊ ဓါတ်သတ္တုကဏ္ဍမှ ၄% နှင့် ပုလဲကဏ္ဍမှ ၁ % တို့အသီးသီးရရှိပါသည်။

(ဃ) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ စုစုပေါင်းအခွန်ဘဏ္ဍာ၏ ၁၄% အား သယံဇာတကဏ္ဍမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် သယံဇာတကဏ္ဍမှ နိုင်ငံတော်၏ ပြည်တွင်းထုတ်ကုန် ၄% နှင့် တင်ပို့ကုန် ၂၀% အား ကိုယ်စားပြုပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ ဝ.၃% အား သယံဇာတကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ခဲ့ပါသည်။

(င) မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ အစီရင်ခံသော ကိန်းဂဏန်းအချက်အလက်များအရ ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၁,၇၉၃,၇၉၈ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၆၅၂, ၈၀၇ (MMscf) ထုတ်လုပ်နိုင်ခဲ့ပြီး ကုန်းတွင်းလုပ်ကွက်များမှ ရေနံစည်ပေါင်း ၁,၃၈၄,၄၀၉ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၇၁၂ (MMscf) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၎င်း၏ ကိုယ်ပိုင်ထုတ်လုပ်မှုအနေဖြင့် ကုန်းတွင်းလုပ်ကွက်များမှ ရေနံစည်ပေါင်း ၁,၆၉၂,၈၂၄ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၁၇,၂၀၁ (MMscf) ထုတ်လုပ်နိုင်ခဲ့ပါသည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533

ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၁,၀၅၁,၆၆၅ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၅၂၂,၂၁၀ (MMscf) တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

(စ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အစီရင်ခံသော ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်မျက် စုစုပေါင်း ၁၀,၁၄၇,၀၅၀ ကာရက်နှင့် ၃၁,၆၇၆ ကီလိုဂရမ် နှင့် ကျောက်စိမ်း စုစုပေါင်း ၃၄,၆၅၄,၉၉၃ ကီလိုဂရမ် ထုတ်လုပ်ခဲ့ပါသည်။ တင်ပို့မှုအနေဖြင့် ကျောက်မျက်စုစုပေါင်း ၄၁,၂၉၄ ကာရက် နှင့် ၂၆၅ ကီလိုဂရမ်၊ ကျောက်စိမ်းစုစုပေါင်း ၁,၃၂၅,၇၈၇ ကီလို တင်ပို့ခဲ့ပါသည်။

(ဆ) သတ္တုကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အခြားသတ္တုစုစုပေါင်း ၇,၂၂၈,၇၅၁ မက်ထရစ်တန်နှင့် ၄၆,၄၈၂ Toz ထုတ်လုပ်ခဲ့ပြီး ၂၁၉,၆၄၄ မက်ထရစ်တန် တင်ပို့ခဲ့ပါသည်။ ပုလဲကဏ္ဍအနေဖြင့် ပုလဲ စုစုပေါင်း ၅၁၂,၃၃၅ momme ထုတ်လုပ်ခဲ့ပြီး ၂၉၇,၃၇၁ momme တင်ပို့ခဲ့ပါသည်။

(ဇ) အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အချက်အလက်များနှင့် သယံဇာတကုမ္ပဏီများ၏ အချက်အလက်များအား စာရင်းတိုက်ဆိုင်ညှိနှိုင်းထားသည့်အခါ ထွက်ပေါ်လာသည့် ကွာဟချက်များသည် အောက်ပါ အဓိကအကြောင်းအရင်း (၆) ချက်ကြောင့်ဖြစ်သည်ဟု အစီရင်ခံစာရေးသား ပြုစုသည့် PwC မှ သုံးသပ်ထားပါသည်။

- ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ကျောက်စိမ်း ကဏ္ဍတို့တွင် ကုမ္ပဏီများထံမှ ပေးချေမှုများကို အစိုးရဌာနများအနေဖြင့် လက်ခံရရှိမှုသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ် အတွင်းအကျုံးမဝင်ခြင်း (Cut-off difference) ၊
- အစီရင်ခံစာတွင် ပါဝင်သည့် ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ကျောက်မျက် ကျောက်စိမ်း နှင့် သတ္တုကုမ္ပဏီများဘက်မှ အစီရင်ခံတင်ပြနိုင်ခြင်း မရှိသည့် ပေးချေမှုများနှင့် အထောက်အထား စာရွက် စာတမ်းများ ပြည့်စုံစွာ မပြသနိုင်ခြင်း၊
- ရေနံနှင့်သဘာဝဓါတ်ငွေ့ (သယ်ယူပို့ဆောင်ရေးအပါအဝင်)၊ ကျောက်မျက် ကျောက်စိမ်းနှင့် သတ္တုကဏ္ဍတို့တွင် အစိုးရဌာနများဘက်မှ အစီရင်ခံတင်ပြနိုင်ခြင်း မရှိသည့် လက်ခံရရှိမှုများ နှင့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာ မပြသနိုင်ခြင်း၊
- ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သတ္တုကဏ္ဍရှိ အချို့သော ကုမ္ပဏီများက ပူးပေါင်းပါဝင်မှုမရှိခြင်း၊
- ရေနံနှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ငွေလဲလှယ်မှုနှုန်း ကွာခြားခြင်းများ၊
- ကျောက်မျက် ကျောက်စိမ်းနှင့် သတ္တု ကဏ္ဍတို့အတွက် အစိုးရဌာန၊ အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီများဘက် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်း မတင်ပြနိုင် ခြင်းစသည့် အခြား စာရင်းတိုက်ဆိုင်ညှိနှိုင်း၍ မရသော အကြောင်းအရင်းများ။

(ဈ) စတုတ္ထအကြိမ် MEITI အစီရင်ခံစာတွင် ပွင့်လင်းမြင်သာမှုအား တိုက်တွန်းအားပေးသည့် အနေဖြင့် သယံဇာတကဏ္ဍဆိုင်ရာ အချက်အလက်များကို အများပြည်သူများ သိရှိစေနိုင်ရန်အတွက် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်များ အပါအဝင် အကြံပြုတိုက်တွန်းချက် (၁၆) ချက် ပါဝင် ပါသည်။

## ၃။ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံEITI အစီရင်ခံစာမှ အဓိကတွေ့ရှိချက်များ

(က) ပဥ္စမအကြိမ် မြန်မာနိုင်ငံEITI အစီရင်ခံစာ (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) တွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကုမ္ပဏီ (၅၆) ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ (၅) ခု၊ သတ္တု ကုမ္ပဏီ (၉၄) ခု၊ ပုလဲကုမ္ပဏီ (၁၁) ခုနှင့် ကျောက်မျက်ကျောက်စိမ်း ကုမ္ပဏီ (၂၀၉) ခုတို့အပြင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း တို့နှင့်စပ်လျဉ်းသည့် သယံဇာတကုမ္ပဏီ (၉) ခုတို့လည်း ပါဝင်ခဲ့ပါသည်။ ယင်း အစီရင်ခံစာသည် သယံဇာတကဏ္ဍတစ်ခုလုံး၏ ၉၇% ကို လွှမ်းခြုံနိုင်ကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ လမ်းညွှန်မှုအောက်တွင် လွတ်လပ်သော အစီရင်ခံစာ ပြုစုသည့်အဖွဲ့ အဖြစ် BDO LLP က ယင်းအစီရင်ခံစာအား ရေးသားပြုစုခဲ့ပါသည်။

(ခ) ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တွင်းထွက်ကဏ္ဍတွင် သယံဇာတကုမ္ပဏီများမှ ကောက်ခံရရှိသည့် စုစုပေါင်းဘဏ္ဍာငွေမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၁,၉၃၅,၉၄၅ ဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ ၇၂.၁၈၅%၊ ကျောက်မျက် ကျောက်စိမ်းကဏ္ဍမှ ၂၁.၂၆၉%၊ ဓါတ် သတ္တုကဏ္ဍမှ ၆.၄၁၇% နှင့် ပုလဲကဏ္ဍမှ ဝ.၁၂၉ % တို့ အသီးသီးရရှိပါသည်။

(ဂ) ၂၀၁၇ -၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ စုစုပေါင်းအခွန်ဘဏ္ဍာ၏ ၅.၂% အား သယံဇာတကဏ္ဍမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် သယံဇာတကဏ္ဍမှ နိုင်ငံတော်၏ ပြည်တွင်း ထုတ်ကုန် ၄.၈% နှင့် တင်ပို့ကုန် ၃၀% အား ကိုယ်စားပြုပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ ဝ.၂၅% အား သယံဇာတကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း မှ အစီရင်ခံသော ကိန်းဂဏန်းအချက်အလက်များ အရ ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၁,၆၀၃,၇၈၃ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၆၄၉,၇၀၄ (MMscf) ထုတ်လုပ်နိုင်ခဲ့ပြီး ကုန်းတွင်းလုပ်ကွက်များမှ ရေနံစည်ပေါင်း ၁,၃၁၇,၀၃၉ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၇၀၇ (MMscf) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၁,၈၂၄,၈၀၆ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၅၁၂,၄၉၀ (MMscf) တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

(င) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အစီရင်ခံသော ကိန်းဂဏန်းအချက် အလက်များအရ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်မျက်စုစုပေါင်း ၆,၉၄၉,၃၃၀

ကာရက်၊ ၄၈၈၂ ကီလိုဂရမ်နှင့် ကျောက်စိမ်းစုစုပေါင်း ၃၁,၆၇၇,၇၇၃ ကီလိုဂရမ် ထုတ်လုပ်ခဲ့ပါသည်။ တင်ပို့မှုအနေဖြင့် ကျောက်မျက်စုစုပေါင်း ၄၉၅၀.၈၀ ကာရက်နှင့် ၉၆.၃၈ ကီလိုဂရမ်၊ ကျောက်စိမ်း စုစုပေါင်း ၃,၇၃၈,၂၉၄ ကီလိုဂရမ် တင်ပို့ခဲ့ပါသည်။ ကျောက်မျက်ရတနာပြပွဲ ပြင်ပမှ တင်ပို့မှုအနေဖြင့် ကျောက်မျက် အတုံးအခဲများအရေအတွက် ၂၃၄၈၅၊ ကျောက်စိမ်း အတုံးအခဲအရေအတွက် ၂,၀၃၆,၇၃၆ နှင့် ကျောက်စိမ်း အိတ်အရေအတွက် ၅,၀၉၄ တို့အား တင်ပို့နိုင်ခဲ့ပါသည်။

(စ) သတ္တုကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အခြားသတ္တုစုစုပေါင်း ၄၀၈,၂၄၅.၂၈ မက်ထရစ်တန်နှင့် ၈၂,၅၃၅.၅၄ Toz ထုတ်လုပ်ခဲ့ပြီး ၈၁,၆၃၈.၈၆ မက်ထရစ်တန် တင်ပို့ခဲ့ပါသည်။ ပုလဲကဏ္ဍအနေဖြင့် ပုလဲစုစုပေါင်း ၄၄၃,၁၃၆ momme ထုတ်လုပ်ခဲ့ပြီး ၃၅၃,၈၁၅ momme တင်ပို့ခဲ့ပါသည်။

(ဆ) ပဉ္စမအကြိမ် MEITI အစီရင်ခံစာတွင် သယံဇာတကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုမြင့်တက်လာစေရန် အောက်ပါအကြံပြုချက် (၉) ချက် ပါဝင်ထားရှိပါသည်။

- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်ပြည့်စုံမှု
- ချေးငွေစာချုပ်များအားထုတ်ပြန်ခြင်း
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အားနယ်ပယ်အတိုင်းအတာအတွင်းပါဝင်ထည့်သွင်းခြင်း
- မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် လွှဲပြောင်းပေးခြင်း လုပ်ငန်းစဥ်များတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အချက်အလက်များ ဖွင့်ဟဖော်ထုတ်ခြင်းအား မဖြစ်မနေ လုပ်ရသောအရာအဖြစ် ထည့်သွင်းဆောင်ရွက်ခြင်း
- EITI သတင်းအချက်အလက်များအား စနစ်တကျ ဖွင့်ဟဖော်ထုတ်ခြင်းကို အကောင် အထည် ဖော်ဆောင်ရွက်ခြင်း
- အစီရင်ခံစာပုံစံများအားတင်သွင်းခြင်း
- ရေနံနှင့်သဘာဓါတ်ငွေ့ အသေးစားတစ်ပိုင်တစ်နိုင် (ရေနံလက်ယက်တွင်း) ကဏ္ဍနှင့် ပတ်သက်သည့် သတင်းအချက်အလက်များမရရှိနိုင်ခြင်း
- သီးခြားငွေစာရင်းများ(Other Account) များ ခွဲဝေသုံးစွဲခြင်းနှင့် လူမှုအကျိုးစီးပွား တာဝန်ယူမှု CSR အသုံးစရိတ်များတွက်ခြင်း
- ၂၀၁၉ EITI စံနှုန်းများအားအကောင်အထည်ဖော်ခြင်း

## ၄။ ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာ၏ နောက်ဆက်တွဲ

ယခုအခါ မြန်မာနိုင်ငံသည် ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာ၏ နောက်ဆက်တွဲအဖြစ် ပထမအကြိမ် ကုန်ပစ္စည်းကူးသန်းရောင်းဝယ်ရေးအစီရင်ခံစာ (Commodity Trading Report) အား

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရန်အတွက် ပြင်ဆင်လျက်ရှိပါသည်။ ယင်းအစီရင်ခံစာတွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ အရောင်းကာလ (Downstream) ဆိုင်ရာအချက်အလက်များ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတော် မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝယ်ယူနေသည့် ကုမ္ပဏီများသည် နိုင်ငံတော် (သို့မဟုတ်) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများထံမှ လက်ခံရရှိသည့် ပမာဏများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝယ်ယူမှုများအတွက် ပေးချေမှုများဆိုင်ရာ အချက်အလက်များလည်း ပါရှိမည်ဖြစ်ပါသည်။

စတုတ္ထအကြိမ်နှင့် ပဥ္စမအကြိမ် MEITI အစီရင်ခံစာများ အပြည့်အစုံအား MEITI Website (www.myanmareiti.org) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

(Extractive Industries Transparency Initiatives (EITI) ဆိုသည်မှာ သယံဇာတစီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအား တိုက်တွန်းအားပေးသည့် နိုင်ငံတကာစံနှုန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါစံနှုန်းအား မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၅၄) နိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် EITI လုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ မြန်မာနိုင်ငံ၏ EITI အကောင်အထည် ဖော်မှုအား အဓိပ္ပာယ်ရှိသောတိုးတက်မှု (Meaningful Progress) အဖြစ် သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံအဖြစ် EITI စံနှုန်းနှင့်အညီ နှစ်စဉ်အစီရင်ခံစာများ ပြုစုထုတ်ပြန်လျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ အရေးပါသော သယံဇာတကဏ္ဍတစ်ခုဖြစ်သည့် သစ်တောကဏ္ဍအတွက် မြန်မာနိုင်ငံ EITI (MEITI) သစ်တောကဏ္ဍအစီရင်ခံစာ (၄) စောင် ပြုစုထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။)

အစီရင်ခံစာများနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက-
မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊
အမှတ် (၁၃) အေ၊ မြရတနာလမ်း၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၀၀ ၈၈၈ ၁၂၃၊ အီးမေးလ် - communication@myanmareiti.org